# စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ ''မဲဇာတောင်ခြေ''ချီရတုကို ဘာဝဝိဘာဝ ဖြစ်စဉ်ဖြင့် လေ့လာစိစစ်ခြင်း

သီတာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ 'မဲဇာတောင်ခြေ'ချီ ရတုကို ဘာဝ ဝိဘာဝ ဖြစ်စဉ်ဖြင့် လေ့လာစိစစ်ခြင်းဖြစ်ပါသည်။ 'မဲဇာတောင်ခြေ'ချီ ရတုမှ လက်ဝဲသုန္ဒရ အမတ်ကြီး၏ ဘာဝ ဝိဘာဝဖြစ်စဉ် ခံစားမှု၊ စာပေအနုပညာစွမ်းရည်နှင့် ရသကို လေ့လာ တင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ''မဲဇာတောင်ခြေ''ချီရတုကို စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြရာ၌ အခန်း(၁)တွင် စာဆိုလက်ဝဲသုန္ဒရ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း(၂)တွင် ဘာဝဝိဘာဝသဘော၊ အခန်း(၃)တွင် 'မဲဇာတောင်ခြေ' ချီရတုကို ဘာဝဝိဘာဝ ဖြစ်စဉ်ဖြင့် လေ့လာစိစစ်ခြင်းဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် စာပေဝေဖန်ရေး လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

သော့ချက်ဝေါဟာရများ– အတ္ထုပ္ပတ္တိ၊ ဘာဝဝိဘာဝသဘော၊ ''မဲဇာတောင်ခြေ''ရတု

## နိဒါန်း

ကုန်းဘောင်ခေတ် မြန်မာစာပေတွင် စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ 'မဲဇာတောင်ခြေ' ချီရတုသည် ထင်ရှားသော ရတုကဗျာတစ်ပုဒ်ဖြစ်ပါသည်။ လက်ဝဲသုန္ဒရ အမတ်ကြီးသည် ဆင်ဖြူရှင်မင်းတရားကြီး သီရိဓမ္မရာဇာလက်ထက် အမြင့်မင်း၏ လူပျိုတော် ထေင်ကျော်အမှုနှင့် ပတ်သက်၍ ရာဇဝတ်သင့်ရာ မဲဇာအရပ်သို့ အပို့ခံရသည်။ ထိုအချိန်ကာလမှာ မဲဇာအရပ်သည် နေပြည်တော်နှင့်အလှမ်းဝေးကွာ သောအရပ်ဖြစ်၍ မဲဇာသို့အပို့ခံရခြင်းသည် စာဆိုအတွက် မခံစားနိုင်သော အပြစ်ဒဏ်မျိုးပင်ဖြစ် ပေမည်။ သူတစ်ပါးကြောင့် မင်းပြစ်မင်းဒဏ်သင့်၍ မဲဇာအရပ်သို့ မမျှော်လင့်ဘဲရောက်ရှိခဲ့ရသည်။ ရာထူးဌာနန္တရလည်းလျော့၊ သားတကွဲမယားတကွဲလည်း နေရချိန်မှာ ခံစားချက်ပြင်းပြလာသော လက်ဝဲသုန္ဒရအမတ်ကြီးသည် ကဗျာဉာဏ်ပါရမီရှိသူပီပီ ခံစားချက်ကို ရတုကဗျာများဖြင့် မှတ်တမ်းတင် ရေးဖွဲ့ထားပါသည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာအရပ်၌ဆင်းရဲပင်ပန်းစွာနေရသောအခိုက်တွင် နေပြည်တော်ကို အောက်မေ့တသသဖြင့် 'မဲဇာတောင်ခြေ'ပိုဒ်စုံရတုနှင့် ဇနီးမယား သမီးသားတို့ကို လွမ်းဆွတ် တသကြောင်း 'ဝေဠုန်းစန္ဒာ' ရတုပိုဒ်စုံကို ရေးဖွဲ့လေသည်။ လက်ဝဲသုန္ဒရ အမတ်ကြီးသည် ကိုယ်တိုင်တွေ့ကြုံခံစားမှုလည်းရှိခြင်း၊ တင်ပြပုံလည်း စေ့စပ်ခြင်း၊ သုံးနှုန်းသော ဝေါဟာရများ ထိရောက်ခြင်းတို့ကြောင့် ''မဲဇာတောင်ခြေ'' ရတုမှာ အသက်ဝင်လှပေသည်။ မိမိ၏ကိုယ်တိုင်ခံစားချက်ကို ကရုဏာသက်အောင် ရေးဖွဲ့ထားသောကြောင့် ဆင်ဖြူရှင်မင်းတရားကြီးသည် လက်ဝဲသုန္ဒရအမတ်ကြီးအား နေပြည်တော်သို့ ပြန်ခေါ်တော်မူသည်။ ဤရတုသည်မျက်ဖြေရတုဟု ဆိုနိုင်သည့်အပြင် မဲဇာအကြောင်း မှတ်တမ်းတင်ထားသော ရတုလည်းဖြစ်ပေသည်။ ထို့ကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး ရေးဖွဲ့သော ရတုကဗျာများမှ ''မဲဇာတောင်ခြေ''ချီရတုကို ဘာဝဝိဘာဝဖြစ်စဉ်ဖြင့် လေ့လာစိစစ်တင်ပြပါမည်။

---

* ကထိက၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

## ရည်ရွယ်ချက်

"မဲဇာတောင်ခြေ" ချီရတုမှ လက်ဝဲသုန္ဒရအမတ်ကြီး၏ ဘာဝဝိဘာဝဖြစ်စဉ် ခံစားမှု၊ စာပေအနုပညာ စွမ်းရည်နှင့် ရသကို လေ့လာတင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

## ၁။ စာဆိုလက်ဝဲသုန္ဒရ၏ အတ္ထုပ္ပတ္တိအကျဉ်း

စာဆိုလက်ဝဲသုန္ဒရသည် ရွှေဘိုမြို့ တောင်လက် ခရီးလေးတိုင်အကွာတွင်ရှိသော မန်ကျည်းတုံရွာ ဇာတိဖြစ်သည်။[၁] လက်ဝဲသုန္ဒရအမတ်ကြီးဖြစ်လာမည့် မောင်မြတ်စံကို သက္ကရာဇ် ၁၀၉၈ ခုနှစ်တွင် အဖ မင်းသီဟ (မင်းပေးဘွဲ့)နှင့် အမိ မယ်ဂွမ်းဖြူတို့မှ ဖွားမြင်ပါသည်။[၂] ငယ်စဉ်အခါမန်ကျည်းတုံရွာ အသျှင်ဝရသံဗောဓိထံ၌ ပညာသင်ကြား၍ အသက်(၇)နှစ်အရွယ်တွင် သဒ္ဒါကျမ်း၌ သူမတူအောင် တတ်ကျွမ်းသည်။ အသက်(၁၁)နှစ်သားအရွယ်တွင် သာမဏေပြု၍ ရတနာပူရအင်းဝမြို့ ဒုတိယမှန်စီ ဆရာတော်ဘုရားထံ ပိဋကတ်စာပေသင်ကြားသည်။ အသက်(၁၄)နှစ်သားအရွယ်တွင် လူဝတ်လဲသည်။[၃]

ဟံသာဝတီပါမင်းဟုတွင်သော အင်းဝမဟာဓမ္မရာဇာ ဓိပတိမင်းလက်ထက်တွင် ရှေးဦးစွာ လွှတ်ရုံး စာရေးစာချီအဖြစ်ဖြင့် အမှုထမ်းရွက်သည်။[၄] သက္ကရာဇ် ၁၁၁၉-ခုနှစ်သို့ ရောက်သောအခါ အလောင်းမင်း တရားကြီး၏ဘုန်းတော်ကို ခိုလှုံသည်။ စာဆိုသည် အလောင်းမင်းတရားကြီး၏ သားတော် နောင်တော်ကြီး ထံတွင် ဦးစွာအမှုထမ်းခွင့်ရသည်။ ထို့နောက်မှ ညီတော်အမြင့်မြို့စား အိမ်တော်တွင် အကြီးတော်အရာနှင့် ထမ်းရွက်ခဲ့သည်။ အမြင့်မင်းထံတွင် ခစားထမ်းရွက်ခိုက် "လက်ဝဲသုန္ဒရ'ဘွဲ့ ချီးမြှင့်ခံရခြင်းဖြစ်သည်။[၅]

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်တော်မူသော အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူမင်းတရားလက်ထက်တွင် လူပျိုတော် ငထင်ကျော်(မောင်အောင်တင်)၏ အမှုဖြင့် ရာဇဝတ်သင့်၍ မဲဇာအရပ်သို့ ပို့ခြင်းခံရသည်။ မဲဇာသို့ရောက်သောအခါ ရတနာသိင်္ဃ ကုန်းဘောင်မြို့ကို တမ်းတကြောင်း "မဲဇာတောင်ခြေ"ချီ ပိုဒ်စုံရတုနှင့် သားမယားတို့ကို လွမ်းဆွတ်တသကြောင်း 'ဝေရှုန်းစန္ဒာ'ချီ ပိုုဒ်စုံတုများကို ရေးသားဆက်သွင်းရာ ဘုရင်မင်းမြတ် သနားတော်မူ၍ နေပြည်တော်သို့ ပြန်ခေါ်တော်မူသည်။ [၆] လက်ဝဲသုန္ဒရအမတ်ကြီးသည် (၆၄)ရက်ခန့်မျှ မဲဇာအရပ်တွင်နေထိုင်ခဲ့ရသည်။[၇] သက္ကရာဇ် ၁၁၆၈-ခန့်တွင် အနိစ္စရောက်သည်။[၈] ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်မှာပင် မင်းကွန်းဘက်၌ အနိစ္စ ရောက်လေသည်။[၉]

စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး ရေးသားပြုစုခဲ့သော စာပေများမှာ မဟော်ပျို့၊ အာဒါသမုခပျို့၊ သေနင်္ဗျူဟာပျို့၊ သောဏပျို့၊ သာဓိနပျို့၊ စကြာမင်းပျို့၊ နန္ဒီသေနပျို့၊ ဗျူဟာစက္ကိပျို့၊ ဝိနိစ္ဆယပကာသနီ

---

[၁] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၁၄၁။

[၂] ထွန်းရီ၊ ၂၀၁၀၊ ၂၅။

[၃] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၁၄၂။

[၄] ဘဟန်နှင့်အများ၊ ၁၉၆၄၊ ၃၅။

[၅] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၁၄၃။

[၆] ဖေမောင်တင်၊ ဦး၊ ၁၉၆၅၊ ၂၂၉။

[၇] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၁၄၆။

[၈] ထွန်းရီ၊ ၂၀၁၀၊ ၁၉၈။

[၉] ဖိုးစိန်၊ ဦး၊ ၁၄။

ဓမ္မသတ်လင်္ကာ၊ အင်းဝရွှေပြည်ကြီးလာမော်ကွန်း၊ ရွှေပြည်ဝင်မော်ကွန်း၊ မဟာဝိဇယရံသီစည်းခုံတော်မော်ကွန်း၊ ဥဒေဝတီနိုင်မော်ကွန်း စသည်တို့အပြင် သက္ကရာဇ် ၁၀၈၀ ပေါ်အဲရိုးများကိုလည်း ရေးသားခဲ့သည်။ [၁]

## ၂။ ဘာဝ ဝိဘာဝသဘော

"ဘာဝ"ဟူသော စကား၏အနက်သည် "ဖြစ်ခြင်း"(ဝါ) "စိတ်၌ဖြစ်ခြင်း" ဖြစ်ပါသည်။ စိတ်ထဲတွင် ပေါ်ပေါက်လာသောခံစားမှုဖြစ်သည်။ " ဝိဘာဝ"ဟူသည် ဘာဝတို့၏ဖြစ်ကြောင်း၊ ထင်ရှားစွာတိုးပွားကြောင်းဖြစ်သော သဘောတရားဖြစ်သည်။ "ဝိဘာဝ"သည် စိတ်၏ထူးထူးခြားခြားဖြစ်စေတတ်သည့် တရား၊ လူတို့၏နှလုံးသား၌ ကိန်းအောင်းနေသော ချစ်ခြင်း၊ မုန်းခြင်း၊ ငိုခြင်း၊ ရယ်ခြင်းတရားများသည် ချစ်စရာ၊ မုန်းစရာ၊ ငိုစရာ၊ ရယ်စရာ စသည့်အကြောင်းအာရုံများနှင့်တွေ့သော် ကိန်းအောင်းနေသော အခြေအနေမှ လှုပ်ရှားလာတတ်ခြင်းဖြစ်သည်။ ထိုအကြောင်းအာရုံများသည် "ဝိဘာဝ"ဖြစ်သည်။

လူတို့၏နှလုံးသား၌ မပျက်မစီး အမြဲကိန်းအောင်းနေသည့် သတ္တိရှိသောတရားတို့သည် ဌာယီဘာဝများပင်ဖြစ်သည်။ ဌာယီဘာဝ(၉)မျိုးရှိသည်ဟု ရသစာပေဆိုင်ရာ ကျမ်းဂန်များ၌ဆိုထား ပါသည်။ ယင်းတို့မှာ –

(၁) **ရတိဌာယီဘာဝ** – **ချစ်ကြိုက်ခြင်း၊ မွေ့လျော်ခြင်း။**
(၂) **ဟာသဌာယီဘာဝ** – **ပြုံးရယ်ခြင်း။**
(၃) **သောကဌာယီဘာဝ** – **စိုးရိမ်ကြောင့်ကြ သနားကြင်နာခြင်း။**
(၄) **ကောဓဌာယီဘာဝ** – **ကြမ်းကြုတ်ခက်ထန်ခြင်း။**
(၅) **ဥဿာဟဌာယီဘာဝ** – **ရဲရင့်ခြင်း။**
(၆) **ဘယဌာယီဘာဝ** – **ကြောက်ခြင်း။**
(၇) **ဇိဂုစ္ဆာဌာယီဘာဝ** – **စက်ဆုပ်ရွံရှာခြင်း။**
(၈) **ဝိမှယဌာယီဘာဝ** – **အံ့သြခြင်း။**
(၉) **သမဌာယီဘာဝ** – **ငြိမ်သက်တည်ကြည်ခြင်း**[၂]

ဟူ၍ဖြစ်သည်။ ကဗျာသာရတ္ထသင်္ဂြိုဟ်တွင် **ဝလစ္ဆဌာယီဘာဝ**[၃] တဏှာရာဂမဟုတ်သော ချစ်ခြင်းကို ထည့်၍ ဌာယီဘာဝ(၁၀)မျိုးရှိကြောင်း ဖော်ပြထားပါသည်။ ဤသဘောတို့သည် လူ၌မွေးရာပါသဘော ဖြစ်သည်။ ထိုဌာယီဘာဝ၏အကြောင်းသည် "ဝိဘာဝ"မည်၏ ထိုဝိဘာဝတွင်လည်း–

(1) အာလမ္ဗနဝိဘာဝ
(2) ဥဒ္ဒီပနဝိဘာဝ ဟူ၍ (၂)မျိုးခွဲပါသည်။

"အာလမ္ဗနဝိဘာဝ"ဟူသည် ဌာယီဘာဝကို နှိုးဆွပေးသောမုချအကြောင်း(ဝါ)အရင်းခံအကြောင်း ဖြစ်သည်။ "ဥဒ္ဒီပနဝိဘာဝ"ဟူသည်ဌာယီဘာဝကို အကူအညီအထောက်အပံ့ပေးသော အခြံအရံအကြောင်း(ဝါ)အခြားသော အကြောင်းတရားများဖြစ်သည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာဟူသော "ဘာဝ"ကြောင့်ဖြစ်သော အကျိုးကို "အနုဘာဝ"ဟု ကောက်ယူရမည်။ ထို့ကြောင့် "အနုဘာဝ"သည် ရင်တွင်းခံစားချက်ဖြစ်သော ဌာယီဘာဝကို ပြင်ပက သိလောက်အောင် ထင်ရှားပြတတ်သည့် သဘော

---

[၁] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၁၄၈။

[၂] ပဏ္ဍိတ၊ ၁၉၇၅၊ ၂၅၃။

[၃] လွန်း၊ ၁၉၅၅၊ ၁၃၈။

ဖြစ်သည်။ နှစ်သက်သောအခါ မျက်နှာရွှင်လန်းလာခြင်း၊ မနှစ်သက်သောအခါ မျက်နှာသုန်မှုန်လာခြင်း စသည်တို့သည် ''အနုဘာဝ''ဖြစ်ပါသည်။

''အနုဘာဝ'' တွင် ''သာတွိကဘာဝ''နှင့် ''အနုဘာဝ'' ဟူ၍(၂)မျိုးရှိပါသည်။ ယင်းတို့မှာ ဟန်ဆောင်ဖုံးကွယ်၍မရသော အကျိုးတရားများဖြစ်သည့် ''သာတွိကဘာဝ''နှင့် ဟန်ဆောင်ဖုံးကွယ်၍ ရသောအကျိုးတရားဖြစ်သည့် ''အနုဘာဝ''များဖြစ်သည်။

ဌာယီဘာဝကို တိုးပွားအောင်ပြုတတ်သော အခိုက်အတန့်ခံစားမှုသည်''ဗျဘိစာရီဘာဝ'' ဖြစ်သည်။ ချစ်ခြင်းကိုအကြောင်းပြု၍ စိတ်မချခြင်း၊ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်း စသော ခံစားမှုသည် ''ဗျဘိစာရီဘာဝ''များဖြစ်သည်။ ဗျဘိစာရီဘာဝ(၃၃)မျိုးရှိကြောင်း အလင်္ကာကျမ်းများ၌ အောက်ပါ အတိုင်း ဖော်ပြထားပါသည်။ ယင်းတို့မှာ –

| | | | |
|---|---|---|---|
| (၁) | နိဗ္ဗေဒဗျဘိစာရီဘာဝ | – | ငြီးငွေ့ခြင်း။ |
| (၂) | တက္ကဗျဘိစာရီဘာဝ | – | ကြံစည်စဉ်းစားခြင်း။ |
| (၃) | သင်္ကာ ဗျဘိစာရီဘာဝ | – | ယုံမှားခြင်း။ |
| (၄) | သမဗျဘိစာရီဘာဝ | – | ကိုယ်၊ စိတ် ပင်ပန်းခြင်း။ |
| (၅) | ဓိတိဗျဘိစာရီဘာဝ | – | ရောင့်ရဲခြင်း၊ အလိုပြည့်ခြင်း။ |
| (၆) | ဇလတာ ဗျဘိစာရီဘာဝ | – | ယောင်မှားခြင်း၊ အမှန်ကိုမသိခြင်း။ |
| (၇) | ဒီနတာ ဗျဘိစာရီဘာဝ | – | အားငယ်ခြင်း၊ စိတ်ဆင်းရဲခြင်း။ |
| (၈) | ဥဂ္ဂဗျဘိစာရီဘာဝ | – | ကြမ်းကြုတ်ခြင်း။ |
| (၉) | အလသတ္တဗျဘိစာရီဘာဝ | – | ပျင်းရိခြင်း။ |
| (၁၀) | သုတ္တဗျဘိစာရီဘာဝ | – | အိပ်ခြင်း။ |
| (၁၁) | တာသ ဗျဘိစာရီဘာဝ | – | ထိတ်လန့်ခြင်း။ |
| (၁၂) | ဂိလာန ဗျဘိစာရီဘာဝ | – | အားမရှိခြင်း၊ နွမ်းနယ်ခြင်း။ |
| (၁၃) | ဥဿုက ဗျဘိစာရီဘာဝ | – | အချိန်ကျအောင်၊ မစောင့်နိုင်ခြင်း။ |
| (၁၄) | ဟရိသ ဗျဘိစာရီဘာဝ | – | ကြည်လင်ခြင်း။ |
| (၁၅) | သတိ ဗျဘိစာရီဘာဝ | – | သတိရခြင်း၊ အောက်မေ့ခြင်း။ |
| (၁၆) | ဝ္လဿာ ဗျဘိစာရီဘာဝ | – | ပြုံးစူခြင်း။ |
| (၁၇) | ဝိသဒ ဗျဘိစာရီဘာဝ | – | စိတ်ပင်ပန်းခြင်း။ |
| (၁၈) | အဗဟိဒ္ဓါ ဗျဘိစာရီဘာဝ | – | ဟန်လုပ်ခြင်း၊ ဝ္လန္ဒေဆယ်ခြင်း။ |
| (၁၉) | စိန္တာ ဗျဘိစာရီဘာဝ | – | တွေးတောကြံမှိုင်ခြင်း။ |
| (၂၀) | ဂဗ္ဗဗျဘိစာရီဘာဝ | – | မာန်မူခြင်း။ |
| (၂၁) | အပမာရ ဗျဘိစာရီဘာဝ | – | စိတ်ဖောက်ပြန်ခြင်း။ |
| (၂၂) | မရိသ ဗျဘိစာရီဘာဝ | – | မနှစ်မြို့ခြင်း၊ သည်းမခံခြင်း။ |
| (၂၃) | မဒ ဗျဘိစာရီဘာဝ | – | ယစ်မူးမေ့လျော့ခြင်း။ |
| (၂၄) | မတိ ဗျဘိစာရီဘာဝ | – | ဆုံးဖြတ်ခြင်း။ |
| (၂၅) | ဥမ္မာဒ ဗျဘိစာရီဘာဝ | – | ရူးသွပ်ခြင်း။ |
| (၂၆) | မောဟ ဗျဘိစာရီဘာဝ | – | မသိမမြင်ခြင်း။ |
| (၂၇) | ဝိဗောဓ ဗျဘိစာရီဘာဝ | – | အိပ်မပျော်ခြင်း။ |

(၂၈) နိဒ္ဒါ ဗျဘိစာရီဘာဝ - ငိုက်မျဉ်းခြင်း။
(၂၉) အာဝေဂ ဗျဘိစာရီဘာဝ - အဆောတလျင်ပြုခြင်း။
(၃၀) ဗိလ ဗျဘိစာရီဘာဝ - ရှက်ခြင်း။
(၃၁) မရဏ ဗျဘိစာရီဘာဝ - သေခြင်း။
(၃၂) စပလ ဗျဘိစာရီဘာဝ - လျှပ်ပေါ်ခြင်း။
(၃၃) ဗျာဓိ ဗျဘိစာရီဘာဝ - ဖျားနာခြင်း။ [၁]

တို့ဖြစ်ကြသည်။

အချုပ်အားဖြင့် ဌာယီဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့သည် '' ရသ''အဖြစ်သို့ မရောက်မီ သီးခြားစီဖြစ်ကြောင်း ဤသို့ပုံထုတ်၍ပြနိုင်သည်။

ဌာယီဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝ-ရသဖန်တီးသူ - အာနိသင်
စာဆို ရသနှင့် ရသခံစားသူ

ရသစာပေအဆင့်သို့ ကူးပြောင်းသွားမှ ဌာယီဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့သည် အချင်းချင်းဆက်စပ်မှုရှိကြသည်။ ထို့ကြောင့် ''ဘာဝ'' ကို ထင်ရှားစေခြင်းငှာ ဘာဝ၏ဖြစ်ကြောင်း ''ဝိဘာဝ''၊ ဘာဝ၏အကျိုး ''အနုဘာဝ''တို့ဖြင့် ထင်ရှားပေါ်လွင်အောင် ဖွဲ့ဆိုရေးသားရပါသည်။ သို့မှသာ ဖတ်ရှုကြားနာရသူတို့ နှစ်သက်မြတ်နိုးသော ရသစာပေပေါ်ထွက်လာမည်ဖြစ်ပါသည်

## ၃။ ''မဲဇာတောင်ခြေ''ချီရတုကို ဘာဝဝိဘာဝ ဖြစ်စဉ်ဖြင့် လေ့လာစိစစ်ခြင်း

လက်ဝဲသုန္ဒရအမတ်ကြီး၏ ''မဲဇာတောင်ခြေ'' ချီရတုကို ဘာဝဝိဘာဝဖြစ်စဉ်ဖြင့် ရသပေါ်လွင်အောင် ရေးဖွဲ့ထားပုံကို တင်ပြပါမည်။

### ၃.၁။ ''မဲဇာတောင်ခြေ'' ချီ ရတုမှ ဘာဝဝိဘာဝသဘော

လက်ဝဲသုန္ဒရအမတ်ကြီး၏ ''မဲဇာတောင်ခြေ'' ချီရတုသည် အချီညီ အချညီ ပိုဒ်စုံရတု ကဗျာအမျိုးအစား ဖြစ်ပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ ပကတိလွမ်းတတ် ဆွေးတတ် ခံစားတတ်မှုသည် ''ဘာဝ''စင်စစ် ဖြစ်ပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည် ရာဇဝတ်သင့်၍ မဲဇာအရပ်သို့ အပို့ခံရပါသည်။ ထိုသို့ အပို့ခံရခြင်းကြောင့် လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာအရပ်မှနေ၍ နေပြည်တော်ကို တမ်းတခြင်း၊ ဇနီးသားသမီးတို့ကို သတိရခြင်း၊ မဲဇာအရပ်၏ ရာသီဥတုဒဏ်ကို ပြင်းထန်စွာခံစားရခြင်းဟူသော အကြောင်းတရားများနှင့်တွေ့သော် လက်ဝဲသုန္ဒရအမတ်ကြီး၏ စိတ်ခံစားမှုသည် ထူးထူးခြားခြားဖြစ်၍ လွမ်းဆွေးခံစားတတ်လာခြင်းသည် ''ဝိဘာဝ''ပင်ဖြစ်သည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် မင်းပြစ်မင်းဒဏ်သင့်၍ မဲဇာအရပ်၌ ရောက်ရှိနေသောကြောင့် သောကဖြစ်ရသည်။ ထိုသောကလည်း''သောကဌာယီဘာဝ''ပင်ဖြစ်သည်။ မင်းပြစ်မင်းဒဏ်သင့်ခြင်းသည် ထိုသောက၏အကြောင်းအရင်းဖြစ်သောကြောင့် ''အာလမ္ဗနဝိဘာဝ''ဖြစ်ပါသည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာအရပ်မှနေ၍ နေပြည်တော်၏သာယာမှုကို အာရုံပြုတမ်းတ ခြင်းသည် မဲဇာအရပ်၌ ရာသီသဘာဝအခြေအနေ ဆိုးဝါးသောဒုက္ခကို ခံစားရ၍ဖြစ်သည်။ ဤတွင် မဲဇာအရပ်နှင့် နေပြည်တော်သည် ''ဥဒ္ဒီပနဝိဘာဝ''ဖြစ်ပါသည်။

[၁] ပဏ္ဍိတ၊ ၁၉၇၅၊ ၂၅၅၊ ၂၅၇။

"မဲဇာတောင်ခြေ"ချီရတုတွင် တွေ့ရသော "ဥဒ္ဒီပနဝိဘာဝ"နှင့် "အနုဘာဝ"ကို ခွဲခြားတင်ပြပါမည်။ "**ဥဒ္ဒီပနဝိဘာဝ"အဖြစ် တွေ့ရသောအဖွဲ့များမှာ –**

- မဲဇာတောင်ခြေတလျှောက် မဲဇာမြစ်ရေ အဆက်မပြတ် တသွင်သွင်လှည့်ပတ်စီးဆင်းနေခြင်း။
  (မဲဇာတောင်ခြေ၊စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်)
- မဲဇာအရပ်တွင် အုံ့မှိုင်းထူထပ်သော တောကြီးမြိုင်ကြီးများရှိနေခြင်း။
  (မြိုင်တောစည်က၊)
- ကုန်းဘောင်နေပြည်တော်တွင် ဘိုးတော်ဘုရား၏ကောင်းမှုများ
- ဇမ္ဗူ့ဆီမီးဘုရား
- ရွှေဂူကြီးဘုရား
- ရွှေလင်းပင်ဘုရား
- ရွှေခြသေ့်ဘုရား
- မြွေဘုရားစသည့်ဘုရားစေတီများရှိခြင်း။
  (ဘိုးတော်ကောင်းမှု၊ တည်ထားပြုသည်၊ ဇမ္ဗူ့ဆီမီး၊ ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြသေ့်မြွေ၊ စ၍ရေသော်၊ ရွှေစေတီကြီး၊ အသီးသီးတည့်)
- ဇာတိမြေအောက်အရပ်တွင် သာယာပြန့်ပြူးသော သဲသောင်နှင့်မြစ်ကမ်းခြေရှိသောကြောင့် ပျော်ရွှင်ဖွယ်ကောင်းခြင်း။
  (သဲသာသောင်မြေ၊ မြစ်ကမ်းခြေလည်း၊ အကြေတာပြင်၊ တို့အောက်ခွင်ဝယ်၊ ရေရှင်ပတ်ဝန်း၊ ပျော်ဘွယ်ထွန်းလိမ့်)
- မဲဇာအရပ်တွင် ထူထပ်သောတောချုံများရှိခြင်း။
  (ချုံအတိနှင့်)
- မဲဇာတောကြီး၏ ဆိတ်ညံသောအခြေအနေကို မြင်တွေ့ရခြင်း။
  (တောကြီးဆိတ်ညံ)
- ဆီးနှင်းများ အဆက်မပြတ်ကျသောအသံကို ကြားရခြင်း။
  (ဆီးကျုံကျုံဝယ်)
- "ခူဝံကြယ်"ကို မမြင်ရခြင်း၊ "နေ"ကို မမြင်ရခြင်း။
  (ခူဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း)
- မဲဇာတောအရပ်ရှိ ကင်းစမ်းတောင်မှစ၍ လေများအဆက်မပြတ် တိုက်ခတ်သောကြောင့် ချမ်းအေးသောဒဏ်ကို ခံစားရခြင်း။
  (ကင်းစမ်းတောင်က၊ လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည်သည်။ ။ လေပြည်လာက အေးသောကြောင့်။)
- မဲဇာအရပ်တွင် ရေးထုံးအစဉ်အလာအတိုင်း ညောင်ရေသွန်းပွဲကျင်းပခြင်း။
  (ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်။)
- မဲဇာအရပ်ရှိ ရွှေကူကြီးဘုရားသည် ကြည့်ရှုတိုင်းတင့်တယ်၍ ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းခြင်း။
  (ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား၊)
- မဲဇာအရပ်တွင် မြင့်မားသောတောင်ကြီးများရှိခြင်း။
  (မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တတောင်လုံးမှိုင်း )

- မဲဇာတတောင်လုံး ညို့မှိုင်းအုံ့ဆိုင်းနေအောင် ဆီးနှင်းများသည် တောင်တိုင်းကို ဝန်းဝေ့နေသောကြောင့် တောင်ခိုးတောင်ငွေ့များအဖြစ် မြင်တွေ့ရခြင်း။
(တတောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်၊ တောင်ငွေ့ဝေဝေ၊)
- လေလည်း တိုက်ခတ်လာခြင်း။
(လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည် သည်)
- လေထဲ၌ မိုးမပါသော်လည်း မိုးပေါက်ပမာကြီးသော ဆီးနှင်းပေါက်တို့သည် အရှိန်ပြင်းစွာ အသံတဖြောက်ဖြောက်ကျဆင်းနေခြင်းတို့ဖြစ်ပါသည်။
(လေလည်းရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်)

**"အနုဘာဝ"အဖြစ် တွေ့ရသောအဖွဲ့များမှာ–**

- မဲဇာအရပ်မှနေ၍ နေပြည်တော်ကို တမ်းတခြင်း။
(ရွှေပြည်ကိုသာ၊ တ ရှာတော့မိ၊)
- နေပြည်တော်ရှိ ဘုရားများနှင့် ရွှေဘုံရွှေနန်းကို ကိုယ်တိုင်မျက်မြင်ဖူးမြော်ချင်သည်ဟု စိတ်၌ အောက်မေ့ခြင်း။
(ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမျှော်ချင်၍၊)
- နေပြည်တော်နှင့်ဝေးကွာသောအရပ်တွင် ရောက်ရှိနေသောကြောင့်နေပြည်တော်ရှိ ဘုရားများနှင့် ရွှေဘုံရွှေနန်းကို စိတ်မှာရည်မှန်း၍ ဖူးမြော် နေရခြင်း။
(သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည် ။ ။ ရွှေပြည်ဌာန ဝေးသောကြောင့်။)
- မဲဇာမြစ်၏သာယာမှုကို တွေ့မြင်ရသော်လည်း တကျွန်းတနိုင်ငံကဲ့သို့ စိတ်ခံစားမှုဖြစ်ရခြင်း။
(တကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့၊ စီးသွင်ညိုရစ်၊မဲဇာမြစ်လည်း၊)
- မဲဇာအရပ်တွင် "ခူဝံကြွယ်"နှင့် "နေ"ကို မမြင်ရသောကြောင့် အရပ်လေးမျက်နှာသိအောင် ကြံစည် ကြိုးစားသော်လည်း စိတ်မောရုံဖြစ်ရခြင်း။
(ခူဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အုံ့သြ၊ ကြံတိုင်းမောစွ)
- ချမ်းအေးလွန်း၍ နေမင်းကိုတမ်းတမိခြင်း။
(နေကိုတလည်း)
- နေပြည်တော်ကို နေ့တိုင်းလွမ်း၍ သတိရနေခြင်း။
(မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်၊)
- နေရောင်ခြည်ကို တမ်းတ၍ နွေးထွေးမှုကို ခံစားလိုခြင်းတို့ဖြစ်ပါသည်။
(နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု)

**"သာတ္တိက ဘာဝ"အဖြစ် တွေ့ရသောအဖွဲ့မှာ**

- မဲဇာအရပ်၌ ချမ်းအေးသောရာသီဥတုဒဏ်ကို မခံနိုင်၍ နေမွန်းတည့်ချိန်မြန်မြန်ရောက်ပါစေဟု နှုတ်မှထုတ်ဖော် တမ်းတနေခြင်းဖြစ်ပါသည်။
(တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တ လျက်မြည်သည်။ )

**"ဗျာဘိစာရီဘာဝ"အဖြစ် တွေ့ရသောအဖွဲ့များမှာ –**

- သတိဗျာဘိစာရီဘာဝ – နေပြည်တော်ရှိ ဘုရားများနှင့် ရွှေဘုံရွှေနန်းတို့ကို မျက်မြင်ဖူးတွေ့ချင်လောက်အောင် အောက်မေ့သတိရခြင်း။
  (ဘိုးတော် ကောင်းမှု၊ တည်ထားပြုသည့်၊ ဇမ္ဗူ့ဆီမီး၊ ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြသေ့်မြွေ၊ စ၍ရေသော်၊ ရွှေစေတီကြီး၊ အသီးသီးတည့်၊ ပိတ်ဆီးခြယ်သန်း၊ လျှပ်ရောင် တန်းမျှ ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမျှော်ချင်၍)
- ခိတိဗျာဘိစာရီဘာဝ – နေပြည်တော်ရှိ ဘုရားစေတီများကို မျက်မြင်ဖူးတွေ့လိုသော ဆန္ဒရှိရာ မဲဇာအရပ် ရွှေကူတော်ဘုရား၏ ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းပုံကို မြင်တွေ့ရသောအခါ စိတ်၌ရောင့်ရဲမှုဖြစ်ခြင်း။
  (ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား)
- တက္ကဗျာဘိစာရီဘာဝ – မဲဇာတောအရပ်၌ "ခူဝံကြယ်"နှင့် "နေ"ကို မမြင်ရသောကြောင့် အရပ်လေးမျက်နှာသိအောင် အကြိမ်ကြိမ်ကြံစည် စဉ်းစားနေခြင်း။
  (ခူဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့သြ၊ ကြံတိုင်း မောစွ)
- သမဗျာဘိစာရီဘာဝ – နေပြည်တော်ကို သတိရအောက်မေ့ခြင်းနှင့် မဲဇာအရပ်၏ ချမ်းအေးသော ရာသီဒဏ်ကို ခံစားရခြင်းတို့ကြောင့် ကိုယ်စိတ် ပင်ပန်းမှု ဖြစ်ရခြင်း။
  (ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမျှော်ချင်၍)
  (ချမ်းရှာလွန်း၍)
  (မခိုင်စိတ်ဝမ်း)
- ဒီနတာဗျာဘိစာရီဘာဝ – နေပြည်တော်ကို နေ့တိုင်းလွမ်း၍ တကိုယ်တည်း အားငယ်စိတ်ဆင်းရဲခြင်း။
  (မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်)
- စိန္တာဗျာဘိစာရီဘာဝ – အရပ်လေးမျက်နှာ ခွဲခြားသိနိုင်အောင် အကြိမ်ကြိမ်ကြံစည်သော် လည်း အမှန်ကိုမသိရသောကြောင့် တွေးတောကြံမှိုင်ခြင်းတို့ ဖြစ်ပါ သည်။
  (ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့၊)

## ခြုံငုံသုံးသပ်ချက်

စာဆို လက်ဝဲသုန္ဒရအမတ်ကြီး၏ "မဲဇာတောင်ခြေ"ချီရတုကို ဘာဝဝိဘာဝဖြစ်စဉ်ဖြင့် လေ့လာစိစစ် ရာတွင် လက်ဝဲသုန္ဒရအမတ်ကြီးကိုယ်တိုင် ပကတိလွမ်းတတ် ဆွေးတတ် ခံစားတတ်ခြင်းဟူသော "ဘာဝ" အခြေခံကောင်းရှိပါသည်။ နေပြည်တော်နှင့် ဝေးကွာခြင်း၊ ဇနီးသားသမီးတို့နှင့် ဝေးကွာခြင်း ကြောင့် ထူးထူးခြားခြားလွမ်းဆွေးလာပါသည်။ ထိုလွမ်းဆွေးမှုကို အခြံအရံဖြစ်စေသော အကြောင်းအရပ်တို့သည် ခိုင်လုံခြင်း၊ ပြည့်စုံခြင်းတို့ကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး၏ စိတ်လှုပ်ရှား မှုသည် ပေါ်လွင်လာခဲ့ပါသည်။ စာဆိုကိုယ်တိုင် မည်ရွေ့မည်မျှကိုယ်တွေ့ရှိသော်လည်း စိတ်လှုပ်ရှားမှု မရှိလျှင် စေတနာကောင်းဖြင့် မဖန်တီးနိုင်ပေ။ စိတ်ကူးကောင်းကို အသုံးမချတတ်လျှင်လည်း ရတုကောင်း တစ်ပုဒ် ဖြစ်မလာနိုင်ပေ။

လက်ဝဲသုန္ဒရအမတ်ကြီးသည် မိမိဘဝအဖြစ်အပျက်နှင့်ဆက်စပ်၍ ''မဲဇာတောင်ခြေ'' ရတုကို ရေးဖွဲ့ရာတွင် ထူးကဲသောစေတနာ ဖြစ်ပေါ်ခဲ့သည်။ ထိုစေတနာမှ စိတ်ကူးကောင်း ဖြစ်ပေါ်၍ ဂုဏ်လင်္ကာတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့တင်ပြနိုင်သောကြောင့် ''ရသ''မြောက်လာခဲ့ခြင်း ဖြစ်ပေမည်။ ''ရသ''ဆိုသည်မှာ ''မဲဇာတောင်ခြေ''ရတုကို လက်ဝဲသုန္ဒရအမတ်ကြီးက စိတ်လှုပ်ရှား ခံစား၍ သောကကို စာနာဖွယ်ဖြစ်အောင် လှုံ့ဆော်ရေးဖွဲ့သောကြောင့် စာဖတ်သူ၏ သန္တာန်၌ ကရုဏာစိတ်ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ လက်ဝဲသုန္ဒရအမတ်ကြီး ရာဇဝတ်သင့်၍ မဲဇာအရပ်သို့ ရောက်ရှိနေရသော သောက၊ နေပြည်တော်နှင့်ဝေးကွာ၍ တမ်းတနေရသောသောက၊ မဲဇာတောအရပ်၏ ရာသီဥတုဆိုးဝါးသော ဒဏ်ကို ခံစားရသော သောကတို့သည် လက်ဝဲသုန္ဒရအမတ်ကြီး၏ သန္တာန်၌ ဖြစ်သော ''သောကဋ္ဌာယီဘာဝ'' များဖြစ်၍ ''ကရုဏာရသ'' ခံစားရပါသည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် လောကသုံးပါးတည်းဟူသော ပတ်ဝန်းကျင်ကို အများနှင့်မတူ ထူးခြားစွာအာရုံပြုမိသည်။ ကြားသောနား မြင်သောမျက်စိရှိ၍ ပတ်ဝန်းကျင်ကို စာနာသနားလာအောင် တင်ပြနိုင်၍ စာဖတ်သူကို လှုံ့ဆော်ထားကြောင်းတွေ့ရသည်။ လက်ဝဲသုန္ဒရအမတ်ကြီး ဖန်တီးသော အနုပညာကို စာဖတ်သူ၊ ကြားနာသူများသည် ဝေမျှခံစားနိုင်သောကြောင့် ပတ်ဝန်းကျင်ကို သတိပြုမိလာသော အကျိုးကျေးဇူးတရားများဖြစ်လာပါသည်။

ထို့ပြင် မိမိနေရပ်ကို ခွဲခွာနေရသောအခါ ပူပင်သောကရောက်ကြောင်း နားလည်စေသည်။ လက်ဝဲသုန္ဒရအမတ်ကြီးကဲ့သို့မဖြစ်အောင် ဘဝကို နေထိုင်ရမည်ဟူသော ဘဝအာနိသင်ကို သိမြင်လာစေပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ ဘဝအတွေ့အကြုံကိုအရင်းခံ၍ဖန်တီးသော ''မဲဇာတောင်ခြေ'' ရတုကဗျာလာ အကြောင်းအရာနှင့် စာပေလင်္ကာ ဂုဏ်ရသတို့ဖြင့် တန်ဆာဆင်နိုင်မှုကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး၏ဘဝကို စာနာမိရာမှတစ်ဆင့် လူ့ဘဝ လူ့လောက၌ အမတ်ကြီးခံစားရသော အဖြစ်မျိုးနှင့် တစ်နည်းတစ်ဖုံ ကြုံရသူများကိုလည်း (စာနာသနားလာစေနိုင်သော) ဆောင်ကြဉ်းပေးနိုင်သော အာနိသင်လည်းရှိလာပါသည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် နေပြည်တော်နှင့် မဲဇာအရပ်ကိုယှဉ်တွဲ၍တွေးမိလျှင် မျက်စိထဲတွင် မဲဇာအရပ်ဒေသသည် သာယာမှုမရှိပေ။ ထို့ပြင် ရာသီသဘာဝကလည်း အမတ်ကြီး၏သောကကို ပို၍ဖြစ်စေခဲ့ပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည် ရင်ဆိုင်ကြုံတွေ့ရသောဒုက္ခ၊ ခံစားနေရသောစိတ်ဝေဒနာများကို အရင်းခံပြု၍ ရတုဖွဲ့ဆိုသောကြောင့် ဆင်ဖြူရှင်မင်းတရားကြီး၏ ကရုဏာတော်ကိုရရှိ၍ နေပြည်တော်သို့ ပြန်လည်ခေါ်ဆောင်ခြင်း ခံခဲ့ရသည်။

ထို့ကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး၏ ''ဘာဝ'' အခြေအနေသည် ထူးခြားခြင်း၊ ထိုဘာဝကို ပိုမို ထင်ရှားလာအောင် အာလမ္ဗနဝိဘာဝ အရင်းခံအကြောင်းအတရားကောင်းများ ရှိနေခြင်း၊ ဘာဝ၊ အာလမ္ဗန ဝိဘာဝတို့ကို အထောက်အကူပေးနိုင်သော ဥဒ္ဒီပနဝိဘာဝကောင်းများ ရှိနေခြင်း၊ အလင်္ကာဖြင့်တန်ဆာဆင်နိုင်ခြင်း ဂုဏ်မြောက်အောင် ရေးသားနိုင်ခြင်း၊ လူ့လောက၌ ဖြစ်လေ့ဖြစ်ထရှိသော (ကြုံရတွေ့ရတတ်သော) အကြောင်းမျိုးလည်းဖြစ်ခြင်း၊ လက်ဝဲသုန္ဒရ၏ ရတုကဗျာပါမီဉာဏ် ရင့်သန်ခြင်း၊ မြန်မာစာပေလောက၊ ရတုကဗျာလောက၌ ကျော်ကြားထင်ရှားလာရခြင်းတို့ကြောင့် ''မဲဇာတော်ခြေ''ရတုသည်ရတုကဗျာကောင်း တစ်ပုဒ်အဖြစ်လက်ခံ တန်ဘိုးထားလာရခြင်းဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းသည် စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ ''မဲဇာတောင်ခြေ''ချီ ရတုကို ဘာဝ၊ ဝိဘာဝ ဖြစ်စဉ်ဖြင့် ရသပေါ်လွင်အောင် လေ့လာတင်ပြထားပါသည်။ လူတိုင်း၌ 'ဘာဝ'ဟူသော အကြောင်းရင်းခံရှိပါသည်။ ထို 'ဘာဝ'သည် စိတ်လှုပ်ရှားမှုနှင့် ကြုံတွေ့မှသာ ထူးထူးခြားခြား ဖြစ်ပေါ်လာသည်။ 'ဝိဘာဝ'၏ အကျိုးဆက်သည် 'အနုဘာဝ'ဖြစ်ပါသည်။ 'အနုဘာဝ'မှတဆင့် ရသခံစားမှုဖြစ်ပေါ်လာသည်။ ထို ရသခံစားမှုကြောင့်ပင် မိမိပတ်ဝန်းကျင်ကို သတိပြုမိလာသော ဘာဝအာနိသင်ကို ရရှိစေကြောင်း လေ့လာတင်ပြအပ်ပါသည်။ ဘာဝဝိဘာဝဖြစ်စဉ်ဖြင့် ရတု ကဗျာများသာမက ပျို့၊ မော်ကွန်းစသည် ကဗျာများကိုလည်း လေ့လာဖော်ထုတ်နိုင်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


ကုမာရအရှင်။(၂၀၀၀)။***အလင်္ကာပန်းကုံး၊*** ရန်ကုန်မြို့၊ သတ္တမအကြိမ်၊ သော်တာဝင်းအော့ဖ်ဆက်။

ထွန်းရီ၊ (ရှေးဟောင်းသုတေသီ)။ (၂၀၁၀)။ ***မဲဇာပြန်စာဆို လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ။*** ရန်ကုန်၊ ပထမအကြိမ်၊ ရာပြည့်စာအုပ်တိုက်။

ပဏ္ဍိတ၊အဂ္ဂမဟာ။(၁၉၇၅)။ ***မြန်အလင်္ကာကျမ်း။*** ရန်ကုန်မြို့၊ ဒုတိယအကြိမ်၊သင့်ဘဝပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၆၅)။ ***မြန်မာစာပေသမိုင်း။*** ရန်ကုန်မြို့၊ တက္ကသိုလ်ပုံနှိပ်တိုက်။

ဖိုးစိန်၊ ဦး။ ***လက်ဝဲသုန္ဒရရတုများအဖြေ။*** ရန်ကုန်မြို့၊ တိုးစာပုံနှိပ်တိုက်။

ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂)။ ***စာဆိုတော်များ အတ္ထုပ္ပတ္တိ၊*** ရန်ကုန်မြို့။ ပဥ္စမအကြိမ်၊ ရာပြည့် စာအုပ်တိုက်။

ဘဟန်၊ ဒေါက်တာ၊ သိန်းဟန်၊ ဦးနှင့်ဦးဝန်။ (၁၉၆၄)။ ***သျှင်ဥတ္တမကျော်တောလား၊ လက်ဝဲသုန္ဒရ ရတုများ။*** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။

မြဇင်၊ တက်တိုး၊(၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ။*** ရန်ကုန်မြို့၊ ပထမအကြိမ်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ရွှေအောင်၊ ဦး။ (၂၀၀၃)။ ***ရသစာပေ၏ရသ။*** ရန်ကုန်၊ ဒုတိယအကြိမ်၊ ရာပြည့်စာအုပ်တိုက်။

လက်ဝဲသုန္ဒရ။ (၁၉၆၇)။ ***လက်ဝဲသုန္ဒရ ရတုများ။*** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။

လွန်း၊ ဆရာ၊ သခင်ကိုယ်တော်မှိုင်း။ (၁၉၅၅)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်။*** ရန်ကုန်မြို့။